လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
Democratic Party for a New Society(DPNS)
ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၁)၊ အမှတ် (၁) သြဂုတ်လ၊ ၂၀၁၆



ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း ၅၂ နှစ်မြောက်နှင့် ဂူဗိမာန် နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော် အမှတ်တရစကားပြောကြားစဉ်



ပြည်ခရိုင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်များ အာဇာနည်နေ့အခမ်းအနားသို့ ချီတက်လာစဉ်

ရွှစ်လေးလုံးစိတ်ဓာတ်မရှိရင် ဘာဆိုဘာမျှ မရှိနိုင် စာ ၃
ဆင်းရဲမှုလျော့ချရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စာ ၆
ရွှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံနှစ်ပတ်လည်နေ့
အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ စာ ၇
မိုင်ဂျာယန် မျက်နှာစုံညီအစည်းအဝေးနှင့်ပတ်သက်၍ ပါတီဥက္ကဋ္ဌ
ဦးအောင်မိုးဇော်၏ အမြင်နှင့် သုံးသပ်ချက် စာ ၈
ဘရုတပ်စ်အတွက် အမိန့်ကြော်ငြာစာ ၅၂ / ၂၀၁၆ စာ ၁၀
ရွှေရောင် မိုင်ဂျာယန် စာ ၁၁
၁၉၄၇ ခုနှစ် ပင်လုံစာချုပ် စာ ၁၂
နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီကိုယ်စားပြုခြင်း အခြေခံမူ အယူအဆ စာ ၁၄

စီ စဉ် သူ များ

ဦးငွေလင်း
ဦးသီဟထွဋ်ခင်
ဒေါ်နှင်းနှင်းမွေး
ဦးအောင်မျိုးဦး

ထုတ် လုပ် သူ များ

ကိုမြတ်လင်းထွေး
မရွှေရည်လင်းထင်

Main ပုံနှိပ်တိုက်(၀၁၁၉)
အမှတ် (၁၉၁)၊ ၃၉ လမ်း(အလယ်)၊
ကျောက်တံတားပြိုနယ်တွင်
စောင်ရေ ၁၀၀၀ရိုက်နှိပ်၍
ပါတီတွင်းကန့်သတ်အဖြစ်
အခမဲ့ဖြန့်ဝေသည်။

ပြော ချင် တဲ့ အ ကြောင်း

နိုင်ငံရေးပါတီတရပ်သည် လူထုနှင့်အတူ ရှိနေရမည်ဖြစ်သည်။ လူထုနှင့် အတူ အချိန်တိုင်း ရုန်းကန်လှုပ်ရှားနေရမည် ဖြစ်သည်။ သို့မှလည်း လူထုဘဝကို အသေအချာနားလည်ပြီး လူထု၏လိုလားချက်များကို အတိအကျ သိမြင်နားလည် နိုင်မည်ဖြစ်သည်။ လူထုနှင့် နိုင်ငံရေးပါတီသည် ရင်ခုန်သံချင်းတူပြီး ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပွားစည်းကာ ငါးနှင့် ရေပမာ တသားတည်းဖြစ်ရန် လိုအပ်ပေမည်။

မိမိတို့ပါတီသည် လူထုနှင့် ငါးနှင့်ရေပမာ ရှိချင်သောပါတီ ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် လူထုနှင့် ရင်ခုန်သံချင်းနှီးနှောစရာ၊ အသိအမြင်ချင်း ဖလှယ်စရာ နေရာများ အကျယ်အပြန့်ရှိဖို့ လိုအပ်လာသည်။ လူထုနှင့် ဆက်သွယ်ရမည့် တံခါးပေါက်တွေ များစွာရှိဖို့ လိုအပ်လာသည်။ ထိုအချက်အပေါ် အလေးအနက် ပြုသောအားဖြင့် တံခါးပေါက်တွေအမျိုးမျိုး ဖွင့်ဖို့ ကြိုးပမ်းခဲ့ကြပါသည်။

ပထမတခုက ဖေဘုတ်ခ်၊ နောက်တခုက ဝက်ဘ်ဆိုက်စာမျက်နှာဖြစ်သည်။ လက်တွေ့တွင် မလုံလောက်သေးသည်ကို တွေ့လာရသည်။ ထို့အတွက် အတွေးအမြင်များ အပြန်အလှန်ဖလှယ်နိုင်ရန် ယခုလမှစ၍ ပါတီစည်းရုံးရေးစာစဉ်ကို လစဉ်ပုံမှန် ထုတ်ဝေဖြန့်ချိသွားရန် စီစဉ်ဖြစ်ပါသည်။

၎င်စာစဉ်တွင် မိမိတို့ပါတီ၏ စဉ်းစားချက်၊ သုံးသပ်ချက်၊ အတွေးအမြင်၊ တွေ့ဆုံဆွေးနွေးခြင်းများ၊ လှုပ်ရှားမှုသတင်းများ ဖေါ်ပြသွားမည်။ ၎င်းအပြင် ပါတီတွင်းရှိ ရဲဘော်များ၊ မိတ်ဆွေများနှင့် ပြည်သူလူထုကို မိမိတို့ပါတီက အသိပေးချင်သည့် အကြောင်းအရာများ၊ သမိုင်းနောက်ခံပုံရိပ်များ၊ အတိတ်သမိုင်းသင်ခန်းစာများကိုလည်း ဖေါ်ပြသွားမည်ဖြစ်သည်။

အပြည့်စုံဆုံး မဟုတ်သော်လည်း တစုံတရာဖလှယ်စရာ နေရာတစ်ခု ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။ သည့်အတွက် မိမိတို့အတတ်နိုင်ဆုံး ကြိုးစားကြပါမည်။

ရဲဘော်များ၊မိတ်ဆွေများ၏ ထောက်ပြဝေဖန် အကြံပြုမှုများကို နွေးထွေးစွာ ကြိုဆိုလျက် အတွဲ(၁) အမှတ်(၁)ကို သြဂုတ်လစာစဉ်အဖြစ် စတင်ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

အယ်ဒီတာအဖွဲ့
၈၊ ၈၊ ၂၀၁၆

ပါတီ၏ အခြေခံနိုင်ငံရေးအယူအဆနှင့် တန်ဘိုးထားမှုများ
(လွတ်လပ်မှု၊ တန်းတူမှု၊ သွေးစည်းညီညွတ်မှုနှင့် ဒီမိုကရေစီ)

လွတ်လပ်မှု၊ တန်းတူမှုနှင့် သွေးစည်းညီညွတ်မှုတို့သည် ဒီမိုကရေစီလှုအဖွဲ့အစည်း၏ အခြေခံအုတ်မြစ်များဖြစ်သည်။ တပြိုင်နက်တည်းတွင်ပင် ဒီမိုကရေစီလှုအဖွဲ့အစည်းတရပ်သည်သာလျှင် လွတ်လပ်မှု၊ တန်းတူမှုနှင့် သွေးစည်းညီညွတ်မှုတို့အား လက်တွေ့တွင်အာမခံနိုင်လိမ့်မည်။ လူသားတို့၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်းတူမှုနှင့် ငြိမ်းချမ်းသည့်ဘဝတို့အား ဖော်ဆောင်နိုင်လိမ့်မည်ဟု မိမိတို့ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်သည်။

ရှစ်လေးလုံးစိတ်ဓာတ်မရှိရင် ဘာဆိုဘာမျှ မရှိနိုင်

■ ဇွန်မိုင်း ■



ဒီနေ့ ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး ၂၈ နှစ် တင်းတင်း ပြည့်ပါတယ်။

ဒီနေ့မှာ အောက်မေ့ဖွယ် အခမ်းအနားတွေ တစ်နိုင်ငံလုံး နေရာအနှံ့မှာ ကျင်းပကြပြီး အရေးတော်ပုံကြီးအတွင်း ကျဆုံးသွားကြတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းကို အလေးပြုကြပါတယ်။

ကျနော်ကိုယ်တိုင်လည်း အခမ်းအနားတခုမှာ ကျဆုံးရဲဘော်အပေါင်းရဲ့ ပေးဆပ်ခဲ့မှုတွေကို သတိရ အောက်မေ့စွာ၊ လှိုက်လဲ့တန်ဖိုးထားစွာ ဦးညွှတ် အလေးပြုလိုက်တယ်။

အလေးပြုနေတဲ့ အခိုက်မှာပဲ အရေးတော်ပုံကြီးနဲ့ပတ်သက်တဲ့ အခြင်းအရာတွေကို ပြန်ပြီး စဉ်းစားကြည့်နေမိတယ်။

အရေးတော်ပုံကြီး အတွင်းမှာ ကျနော်တို့ ဘာကြွေးကြော်သံတွေကို တိုင်ခဲ့ကြသလဲ။ ဘာတွေကို တောင်းဆို ခဲ့ကြသလဲ။ ကျနော်သတိပြုမိတာတော့ အရေးတော်ပုံကြီးရဲ့ ကြွေးကြော်သံတွေက အဓိကအားဖြင့် (၄) ရပ် ဖြစ်ပါတယ်။

၁။ မဆလတပါတီအာဏာရှင် စနစ် ဖျက်သိမ်းရေး၊

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး၊

၃။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေး၊

၄။ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး တို့ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ကနေ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့အထိ တစ်နိုင်ငံလုံး တောင်တန်း၊ မြေပြန့် တစ်နေရာမကျန် လူမျိုးစုံ၊ လူထုလူတန်းစားပေါင်းစုံ ကျည်ဆံမကြောက်၊ ဘက်နက်မကြောက်၊ လက်ထိပ်မကြောက်၊ ထောင်မကြောက် တန်းမကြောက် ဒီကြွေးကြော်သံတွေနဲ့ တောင်းဆို တိုက်ပွဲဝင်ခဲ့ကြတာပါ။

အဲဒီကာလ အုပ်စိုးသူက မဆလ အလံလွှင့်ထားတဲ့ ဗိုလ်နေဝင်းစစ်အုပ်စု။ သူကိုင်ထားတဲ့ ဒိုင်းက ပြည်သူလူထုဆန္ဒ မပါဘဲ အတည်ပြုထားတဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ။

ဖြေရှင်းတဲ့ နည်းတွေက ချော့မြဲ အပျော့ဆွဲစျေးညှိတဲ့နည်းနှင့် ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ချေမှုန်းတဲ့ နည်း။ အသုံးပြုတဲ့ ဇာတ်ရုပ်တွေက ဗိုလ်စိန်လွင်လို လူမိုက်လူရမ်းကား ဇာတ်ရုပ်နဲ့ ဒေါက်တာမောင်မောင်လို စိတ်ကောင်းရှိဟန် အပျော့ဆွဲဆွဲမယ့် ဇာတ်ရုပ်။ နောက်ဆုံး ဘယ်လိုမှ ပတ်တုတ်လို့မရတော့မှ ဗိုလ်စောမောင်လို ဇာတ်ရုပ်ကို ချသုံးပြီး လူထုရဲ့တိုက်ပွဲအရှိန်ကို ဖြတ်ချပစ်လိုက်တာ ဖြစ်ပါတယ်။

အရေးတော်ပုံကြီးမှာ ကျနော်တို့တက်က ဘာတွေ ရင်းနှီးပေးဆပ်ခဲ့ကြရလဲ၊ ကျနော် ဆက်စဉ်းစားကြည့်မိတယ်။

ရဟန်းရှင်လူ ကျောင်းသား

ပြည်သူ ၃၀၀၀ ကျော် အသက်ပေးခဲ့ကြရတယ်။ ကိုယ်လက်အင်္ဂါတွေ စွန့်လွှတ်ခဲ့ကြရတယ်။ ပုဒ်မအမျိုးမျိုးနှင့် မတရားစွပ်စွဲခြင်း အကျဉ်းထောင်တွေထဲ အပို့ခံကြရတယ်။

ပိုင်းဖြတ်မှုမပြည့်စုံခင်၊ အဆင်သင့်မဖြစ်ခင် လုံခြုံရေးအရ မြို့ပြနိုင်ငံရေးကို စွန့်ခွာခဲ့ကြရတယ်။

ဝန်ထမ်းအချို့ အလုပ်ဖြုတ်ခံကြရ၊ အချို့ နယ်ဝေးအပြောင်းအရွှေ့ခံကြရတယ်။

ကျောင်းတွေ မဖွင့်နိုင်တော့တဲ့အတွက် ကျောင်းသားတွေ ပညာရေးတပိုင်းတန်းလန်း ဖြစ်ခဲ့ကြရတယ်။

တဆက်တည်းမှာ အရေးတော်ပုံကြီးက ကျနော်တို့ကို ဘာတွေ ဖန်တီးပေးခဲ့သလဲဆိုတာကို ကျနော် ဆက်စဉ်းစား ကြည့်မိတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီတွေ၊ ဗကသများအဖွဲ့ချုပ်အပါအဝင် ကျောင်းသားအဖွဲ့အစည်းတွေ၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုက်ပွဲထဲက ခေါင်းဆောင်တွေ၊ ရှစ်လေးလုံးစိတ်ဓာတ်နဲ့ လူထုတိုက်ပွဲအတွေ့အကြုံတွေ၊ ပြီးတော့ မရေမတွက်နိုင်အောင် ကြီးထွားလာနေတဲ့ အရေးတော်ပုံတပ်သားတွေနဲ့ မျိုးဆက်သစ် တပ်သားသစ်ပေါင်းများစွာကို ဖန်တီးပေးခဲ့ပါတယ်။

ဘာမှမပေးရင် ဘာမှမရနိုင် ဆိုတဲ့ စကားကို ကျနော် အကြိမ်ကြိမ် ပြန်ရွတ်ကြည့်နေမိတယ်။ ရှေ့ကပေးဆပ်မှုတွေ မရှိဘဲ အဲဒီအကျိုးဆက်တွေ ဘယ်လို လုပ်ပြီး ရလာနိုင်မလဲ။

စစ်အုပ်စုရဲ့ စိတ်ရင်းအလိုအရ တစ်စမကျန် နုတ်နုတ်စင်းပစ်လိုက်ချင်ပေမယ့် အဲဒီလို လုပ်ခွင့်မသာသေးတဲ့ အခြေအနေတွေအောက်မှာ သူ့ကို အဆုံးစီရင်မယ့် အင်အားစုတွေမှန်းသိလျက်နဲ့ကို မလွှဲသာမရှောင်သာ ရှင်သန်ခွင့် ပြုလိုက်ရတာပါ။

ဒီအင်အားစုတွေဟာ ရှစ်လေးလုံးအရေးတော်ပုံကြီးက မွေးဖွားပေးလိုက်သူများ ပီသစွာ အရေးတော်ပုံကြီးရဲ့ မပြီးဆုံးသေးတဲ့ လုပ်ငန်းတာဝန်တွေကို အရေးတော်ပုံစိတ်ဓါတ်နဲ့ ဆက်ပြီးထမ်းပိုး သယ်ဆောင်ခဲ့ကြပါတယ်။ ဒီတာဝန်တွေဆိုတာ ဇာပန်းထိုးတာ၊ ပန်းအလှပြင်တာ၊ ညှော့သည်ကို ထမင်းဖိတ်ကျွေးတာလို သက်တောင့်သက်သာ မဟုတ်ဘူးဆိုတာ အားလုံးသိကြပါတယ်။ ဒီတာဝန်တွေ ထမ်းဆောင်ရင်း အရေးတော်ပုံတပ်သားတွေဟာ အကြိမ်ကြိမ် အဖမ်းခံခဲ့ကြရတယ်။ အကြိမ်ကြိမ် အကျဉ်းထောင်တွေထဲ ရောက်ခဲ့ကြရတယ်။ မိတက္ကဗတကွဲ လင်တကွဲ သားတကွဲ ဖြစ်ကြရတယ်။ အချို့ ရှင်ကွဲကွဲ အချို့ သေကွဲကွဲ ဖြစ်ကြရတယ်။

လူထုတရပ်လုံး အကျိုးစီးပွားအတွက် တဦးချင်းစီရဲ့ ကိုယ်ကျိုးစီးပွားတွေကို ပုံအပ်ပေးဆပ်ခဲ့ကြရင်း ကိုယ်ပိုင်ဘဝတွေ ပျက်ခဲ့ကြရတယ်။ အသက်တွေ ဆုံးရှုံးခဲ့ရတယ်။

စစ်အာဏာရှင်စနစ် ကမ်းပါးကနေ ဒီမိုကရေစီကမ်းပါးဆီကို လူထုတွေ ကူးသွားနိုင်ဖို့၊ အလွယ်တကူ လျှောက်လှမ်းသွားနိုင်ဖို့ ကိုယ့်ကိုကိုယ် တံတားသဖွယ် ထိုးပေးခဲ့ကြပါတယ်။ ဒီတိုက်ပွဲစဉ်ကြီးဟာ ခက်လည်းခက်ခဲ၊ ကြမ်းလည်းကြမ်းတမ်းပြီး ရှည်လည်းရှည်လျား လှပါတယ်။ ဒီလောက် ခက်ခဲကြမ်းတမ်းရှည်လျားလှတဲ့ တာဝန်တွေကို ကျနော်တို့ ဘာစိတ်ဓာတ်နဲ့ ဖြတ်နိုင်ကြတာလဲ။ လူထုကို ချစ်တဲ့စိတ်၊ လူထုကို ယုံကြည်တဲ့စိတ်၊ ဒီမိုကရေစီနဲ့ လူအခွင့်အရေးတွေ အပြည့်အဝ ရချင်တဲ့စိတ်၊ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လိုချင်တဲ့စိတ်၊ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုကြီးကို အပီအပြင် တည်ဆောက်ချင်တဲ့စိတ်နှင့် ဖြတ်ခဲ့ကြတာဖြစ်ပါတယ်။

ကျနော်တို့ အရေးတော်ပုံတပ်သားတွေဟာ ဘယ်လိုအခက်အခဲမျိုးကိုမှ အမှုမထားဘဲ၊ တစက္ကန့်လေးတောင် မနားဘဲ၊ တွန့်ဆုတ်တွေဝေ တုန့်ဆိုင်းမှု အလျင်းမရှိဘဲ ရှစ်လေးလုံးစိတ်ဓာတ်နဲ့အတူ ဖြတ်ခဲ့ကြ၊ ဒီတာဝန်တွေကို တက်ကြွစွာ ထမ်းပိုးသယ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။

စစ်ကြောရေးစခန်းမှာ၊ ထောင်ထဲမှာ၊ ထောင်အပြင်မှာ၊ ပြည်တွင်းမှာ၊ တောထဲမှာ၊ နယ်စပ်မှာ၊ နိုင်ငံတကာမှာ ကျနော်တို့ရဲဘော်တွေဟာ တိုက်ပွဲသဏ္ဌာန် အမျိုးမျိုးနှင့် တိုက်ပွဲဆင်ရင်း အသက်တွေ၊ ဘဝတွေကို လူထုအတွက် ပေးဆပ် ခဲ့ကြပါတယ်။

ရှစ်လေးလုံးမတိုင်ခင် တိုက်ပွဲကာလများ၊ ရှစ်လေးလုံးအရေးတော်ပုံကာလ၊ ရှစ်လေးလုံးအရေးတော်ပုံအလွန် တိုက်ပွဲကာလများအတွင်း ပေးဆပ်ခဲ့သူ ပေးဆပ်နေသူ ရဲဘော်အပေါင်းတို့ရဲ့ ကျေးဇူးတရားကို အလေးအနက် အောက်မေ့သတိရစွာဖြင့် ကျနော် လှိုက်လှိုက်လဲလဲ ဦးညွှတ်အလေးပြုနေမိပါတယ်။

အဲဒီလို အရေးတော်ပုံတပ်သားများနှင့် လူမျိုးစုံပြည်သူလူထုရဲ့ မဆုတ်မနစ် အားထုတ်လုံးပမ်းမှုတွေကြောင့် ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ဆိုတာ ဖြစ်လာတယ်။ ဂန္ဓီခန်းမကြေညာစာတမ်းဆိုတာ ပေါ်လာတယ်။ ရွှေဂုံတိုင် ကြေညာချက်ဆိုတာ ပေါ်လာတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံဘူးဆိုတာ ပေါ်လာတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို သပိတ်မှောက်တယ်ဆိုတာ ပေါ်လာတယ်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်ဆိုတာ ပေါ်လာတယ်။ အဲဒီကတဆင့် ဒီနေ့ဆိုရင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်ဆိုတာ ထပ်ပေါ်လာတယ်။ အဲဒါရဲ့ အကျိုးဆက်အဖြစ် ၂၀၁၅ ခုနှစ် အစိုးရသစ်ဆိုတာ ဖြစ်ထွန်းလာတယ်။

ဒါတွေဟာ ရှစ်လေးလုံး ဒီမိုက

ရေစီ လူထုအရေးတော်ပုံကြီးရဲ့ ရလဒ်၊ မရေမတွက်နိုင်တဲ့ အရေးတော်ပုံတပ်သားများရဲ့ ရေရှည်တိုက်ပွဲဝင်မှုနှင့် စွန့်လွှတ်ပေးဆပ်မှုများရဲ့ ရလဒ်ဖြစ်ပါတယ်။

ဒီရလဒ်အခြေခံတွေပေါ်ကနေ အရေးတော်ပုံကြီးရဲ့ ရည်မှန်းချက်တွေ အပြည့်အဝဖေါ်ဆောင်နိုင်အောင် ကျရာအခန်းကနေ လက်တွဲမဖြုတ် ဆက်ပြီး အလုပ်လုပ်ကြရမှာ ဖြစ်ပါတယ်။

၂၀၁၅ခုနှစ် ရွေးကောက်ပွဲအလွန် ဖြစ်ထွန်းလာတဲ့ အခြေအနေသစ်များအောက်မှာ အရေးတော်ပုံတပ်သားများ ရပ်နေရတဲ့နေရာတွေက အနိမ့်အမြင့် အပျော့အမာ မတူကွဲပြားမှုတွေ ရှိလာတယ်။ အရင်လို တစ်ပုံစံတည်း တစ်နေရာတည်း မဟုတ်ကြတော့ဘူး။ ဒါပေမဲ့ ဘယ်နေရာမှာရောက်နေနေ ငါတို့ အားလုံးဟာ အရေးတော်ပုံတပ်သားတွေ ဖြစ်ကြတယ်ဆိုတာကို စက္ကန့်မလပ် သတိချပ်နေဖို့ လိုအပ်တယ်လို့ ကျနော့်အနေနဲ့ ယူဆပါတယ်။

ကိုယ်က လွှတ်တော်ထဲကို ရောက်နေတာ၊ လွှတ်တော်အပြင်ဖက်မှာ ရှိနေတာ၊ ကိုယ်က အစိုးရအာဏာအဝန်းထဲမှာ ရှိနေတာ၊ အာဏာအဝန်းရဲ့ ပြင်ပမှာ ရှိနေတာ၊ ကိုယ်က နိုင်ငံရေးပါတီတခုခုထဲမှာ ရှိနေတာ၊ ဒါမှမဟုတ် ကိုယ်က လူထုလူတန်းစားအဖွဲ့အစည်းတစ်ခုခုထဲမှာ ရှိနေတာ စသည်ဖြင့် အမျိုးမျိုး ရှိနိုင်ပါတယ်။ ဘယ်လိုပဲ ရှိနေနေ ဘက်တဖက်တည်းက ရဲဘော်တွေ ဖြစ်တယ်ဆိုတာ အမြဲ သတိကပ်နေဖို့ လိုပါတယ်။

တိတိပပသုံးသပ်ကြည့်ရင် ယနေ့ ကျနော်တို့ရရှိနေတဲ့ အနေအထားက ရှစ်လေးလုံးဒီမိုကရေစီ လူထုအရေးတော်ပုံကြီး ဖြစ်စေချင်ခဲ့တဲ့ နိုင်ငံမျိုး၊ လူ့အဖွဲ့အစည်းမျိုး မဟုတ်သေးပါဘူး။ အဲဒီအနေအထားမျိုးကို ရောက်ဖို့ တော်တော်ကို အလှမ်းဝေးနေဆဲ ဖြစ်ပါတယ်။ မြင်နေရပြီဆိုရင်တောင် ပြပြပဲ မြင်ကြရတာမျိုး ဖြစ်ပါတယ်။

ပွဲပြီးသွားပြီ၊ စင်ပေါ်ရောက်သွားပြီလို့ မြင်ရင်တော့ အဲဒီအမြင်ဟာ အတော်ကို မှောက်မှားတဲ့အမြင် ဖြစ်ပါလိမ့်မယ်။

ကျနော်တို့ လက်တွဲမဖြုတ်ဘဲ အတူတကွ ပန်းတိုင်အရောက် ဆက်လျှောက်လှမ်းကြရပါလိမ့်မယ်။

စစ်အာဏာရှင်စနစ်ရဲ့ အရိပ်တွေ ယှက်သန်းနေတဲ့ ဒီနေ့လိုကာလမျိုးမှာ ကိုယ့်အချင်းချင်းကြားမှာ ညီအကို မသိတသိတွေ ဖြစ်နေရင်၊ မိတ်ဆွေရန်သူမကွဲရင်၊ အရေးတော်ပုံတပ်သားချင်း လက်တွဲထားရမယ်ဆိုတဲ့ အသိကို သတိလက်လွတ်ဖြစ်မိရင်၊ အတွေးအမြင် အယူအဆတွေ တိမ်းစောင်းချွတ်ချော်သွားကြရင် မရည်ရွယ်သည်ဖြစ်စေ၊ ရည်ရွယ်သည်ဖြစ်စေ ရှစ်လေးလုံး စိတ်ဓာတ်ကို သစ္စာဖောက်မိလျက်သား ဖြစ်သွားပါလိမ့်မယ်။

အရေးတော်ပုံကြီးနဲ့ ဒီမိုကရေစီတိုက်ပွဲအဆက်ဆက်မှာ ကျဆုံးသွားတဲ့ ရဲဘော်အပေါင်းရဲ့ ကျေးဇူးသစ္စာကို မစောင့်သိရာ ရောက်သွားပါလိမ့်မယ်။ အဲဒီလို မှားနေလွဲနေကြမယ်ဆိုရင် ဒီနေ့ပြပြ မြင်နေရတဲ့ လူထုတွေရဲ့ ရည်မှန်းချက်တွေဟာ စစ်ရိပ်စစ်ငွေ့တွေအောက်မှာ ပြန်ပြီး မှေးမှိန်ပျောက်ကွယ်သွားလိမ့်မယ်။ ပြီးရင် ကျနော်တို့နိုင်ငံဟာလည်း စစ်အာဏာရှင်စနစ်အောက်ကို လုံးလုံးလျားလျား ပြန်လည်ရောက်ရှိသွားရမှာ သေချာတယ်လို့ ကျနော် လေးလေးနက်နက် ထောက်ပြချင်ပါတယ်။

■ ဇွန်မိုင်း

၈၊ ၈၊ ၂၀၁၆။

လွတ်လပ်မှု

လူတိုင်းလူတိုင်း ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုမှ ကင်းလွတ်စေရမည်။ တော်မွတ်ခေါင်းပါးမှုဘေးမှ ကင်းလွတ်စေရမည်။ အသိပညာကင်းမဲ့မှုနှင့် အကြောက်တရားမျိုးစုံတို့မှလည်း လွတ်မြောက်စေရမည်။ မိမိတို့၏ ကံကြမ္မာအား မိမိတို့ဘာသာ ဆုံးဖြတ်နိုင်ခွင့် ရှိစေရမည်။ မိမိတစ်ဦးချင်းစီ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိလူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များအား လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ် ဆောင်ရွက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် ရှိစေရမည်။

လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ ပြောဆိုစည်းရုံးခွင့် စသည့် အခြေခံ လူမှုအခွင့်အရေးများသည် လွတ်လပ်မှု၏ အခြေခံအခြေအနေများ ဖြစ်ပေသည်။ သို့သော်လည်း လူတို့၏ စီးပွါးရေးဘဝနှင့် လူတန်းစား ကွဲပြားခြားနားမှုများက ၎င်းလွတ်လပ်မှု အခြေအနေများအား လက်တွေ့အကောင်အထည် ဖော်ရာတွင် လူတစ်ဦးချင်းစီအား သိသာစွာ ကွဲပြားခြားနားစေသည်၊ မိမိကံကြမ္မာအား မိမိဆုံးဖြတ်ခွင့်ရှိသည်ဆိုသည့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများအားလည်း ကြီးစွာသက်ရောက်စေသည်။

လွတ်လပ်မှုဆိုသည်မှာ စီးပွားရေးအရ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှု၊ လူမျိုးရေးအရ၊ ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ၊ လိင်အရ ဖိနှိပ်ခံရမှုတို့မှလည်းကောင်း၊ အခြားသဏ္ဌာန်ပေါင်းစုံဖြင့် ခွဲခြားဆက်ဆံခံရမှုတို့မှလည်းကောင်း လွတ်မြောက်ခြင်းဖြစ်သည်။ ထို့သို့သော လွတ်လပ်မှုသည်သာ လူတစ်ဦးချင်းစီအတွက်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွက်လည်းကောင်း ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အား ဆောင်ကျဉ်းနိုင်လိမ့်မည်ဖြစ်သည်ဟု မိမိတို့ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်သည်။ ။

ဆင်းရဲမှုလျော့ချရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

■ မေစဝ်မုန်း ■

၂၀၀၁၆ ဩဂုတ်လ (၆)ရက်နေ့တွင် နေပြည်တော်၌ ဆင်းရဲမှုလျော့ချရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲကို မဇ္ဈိမဗိဒ်ယာနှင့် Actionaid တို့မှ ပူးပေါင်း၍ ကျင်းပခဲ့သည်။ လွှတ်တော်အမတ်များနှင့် CSO အချို့၊ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ဗဟို ဦးဆောင်ကော်မတီဝင် ဒေါ်နိုးနိုးထက်စံတို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲ၏ အဖွင့်အမှာစကားကို ဦးစီးဆောင်ရွက်သွားသူမှာ Actionaidမှ Country Director ဖြစ်သည်။ အဖွင့်အမှာစကားပြောကြားသူများမှာ– ဦးဝင်းထိန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ ဗဟိုဦးဆောင်ကော်မတီဝင်၊ ဦးအေးသာအောင် အမျိုးသားလွှတ်တော်ဒုဥက္ကဋ္ဌ၊ ဦးမောင်မောင်ဝင်း စီမံ–ဘဏ္ဍာဒုတိယဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနမှ ဒေါက်တာထွန်းဝင်း၊ အာစီယံသုသေသနဌာနမှ ဒေါက်တာအောင်ထွန်းသက်နှင့် UMFCCI အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်တို့မှ အသီးသီး ပြောကြားခဲ့သည်။

အဖွင့်အမှာစကားတွင် ဒေါက်တာအောင်ထွန်းသက်မှ ဆင်းရဲမှုလျော့ချရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်ပြုလုပ်လိုပါက ရှေးရိုးဆန်သည့် အတွေးအခေါ်အယူအဆများကို စတင်ဖျောက်ဖျက်ပစ်ရန် လိုအပ်သည်ဟုဆိုသည်။ ဆင်းရဲမှုလျော့ချရေးကို GDP နှင့်သာ တိုင်းတာနေခြင်းသည် ရှေးရိုးဆန်သည့် အတွေးအခေါ် ဖြစ်နေသည်။ ၁၉၉၀ ခုနှစ်တွင် ချမှတ်ထားသည့် လူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာချက်(Human Development Index) ဆိုသည့် စံချိန်စံညွှန်းများနှင့် ၂၀၀၀ခုနှစ်တွင် ချမှတ်ခဲ့သည့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ(Millennium Development Goals) ပါအချက်များဖြင့် တိုင်းတာမည့် စဉ်းစားချက်ရှိရန် လိုအပ်သည်ဟုဆွေးနွေးခဲ့သည်။ ထို့အပြင် ၂၀၁၆ တွင် စဉ်ဆက်မပျက် ဖွံ့ဖြိုးတိုးတက်ရေးဟုခေါ်သော (၇)ချက်ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် လူအများမှာ အခွန်အခ၊ အခွန်အတုတ်များ ပေးဆောင်နိုင်မှုနှင့် မျှသုံးငွေပေါ်တွင်သာ အခြေခံစဉ်းစားနေခြင်းမှာ အစဉ်အလာ စဉ်းစားချက်များဟု ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ညီမျှ မျှတသော ခံစားခွင့်ရရှိနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကိုသာ စောင်းပေးစဉ်းစားနေ၍ မရဟုဆိုသည်။ ငြိမ်းချမ်းရေးရနိုင်မှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည်။ ဖွံ့ဖြိုး တိုးတက်မှသာ လျှင် ဒီမိုကရေစီလမ်းကြောင်းသို့ ရောက်ရှိနိုင်မည်ဟုလည်း ဆက်လက်ဆွေးနွေး ခဲ့ပါသည်။ ရေရှည်ဖွံ့ဖြိုးရေးဟု ဆွေးနွေးရာတွင် နိုင်ငံရေးဘောဂဗေဒကို အခြေခံ၍သာ စဉ်းစားသင့်သည်ဟု အကြံပြုသည်။ မြန်မာနိုင်ငံ၏အခြေခံမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲနိုင်သည့် တိုးတက်မှုများနှင့်သာ ချိန်ဆ၍ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်သွားရမည်ဟု ဆွေးနွေးခဲ့သည်။

''ခင်မောင်ညို(ဘောဂဗေဒ) မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်နေစဉ် ရေတိုလုပ်ငန်းများထိခိုက်လျှင် ဘယ်လိုလုပ်မလဲ၊ အခွန်တွေကို စွတ်ကောက်နေမည့်အစား အခွန်များကို ပြည်သူများ ပေးချင်လာအောင် မည်ကဲ့သို့ စွမ်းဆောင်မလဲ။ အခွန်ပေးရင် ဘာဖြစ်နိုင်လဲ။ မပေးရင် ဘာဖြစ်နိုင်လဲ။ အခွန်ရရင် ဘယ်လိုအသုံးပြုမလဲ စသည့် ရှင်းလင်းချက်များကို ဘယ်လို မြင်သာအောင် လုပ်မလဲ။ မြင်သာအောင်ပြပြီး ကြည့်မည့်သူ မရှိရင် ဘယ်လိုလုပ်မလဲ။ အခွန်ကောက်တာပဲသိပြီး အခွန်မကောက်ဘဲ ပေးကမ်းနေတဲ့ လှူတန်းနေတဲ့ အခြေအနေက ဘာကြောင့် ဖြစ်နေတာလဲ ဆိုတာတွေ ထည့်သွင်းတွက်ချက်သင့်တယ်'' လို့ ဆိုပါတယ်။ ထို့အပြင် နောက်ဆုံး အစိုးရမှ ထုတ်ပြန်သည့် စီးပွားရေးမူဝါဒ ၁၂ ချက်ကို အကြိမ်ကြိမ်ဖတ်သော်လည်း မည်သို့မှ နားမလည်နိုင်ဟု ဆွေးနွေးတင်ပြခဲ့ပါသည်။

လူဘောင်သစ်ဒီမိုကရက်တစ် ပါတီမှ ဝင်ရောက်ဆွေးနွေးမှုမှာ လက်ဝါးကြီးအုပ် စီးပွားရေးအခြေခံ မရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့် အညီ ကြပ်မတ်ဆောင်ရွက်သင့်သည်။ ထို့အပြင် အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ လက်တွေ့ဖြစ်ပေါ်နေသည့် အခြေအနေကို ထည့်သွင်းစဉ်းစားရန်မှာ အလုပ်လုပ်သည့်သူများ (အစိုးရဝန်ထမ်းများမှအပ)မှာ လစာမည်မျှရရှိကြောင်းကို အတိအကျ ထုတ်ဖော်မပြောကြပါ။ မည်သို့ အခွန်ကောက်မည်နည်း။ ဝင်ငွေမပြဘဲ ရသုံးငွေများကို မည်သို့စစ်ဆေးမည်နည်း။ ဖွံ့ဖြိုးတိုးတက်ရေးဟု ဆိုရာတွင် အစိုးရတစ်ရပ်တည်း တာဝန်ယူ၍ မဖြစ်နိုင်ပါ။ အစိုးရအနေဖြင့် လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေသူများ အဖွဲ့အစည်းများသို့ နိုင်ငံတော်မှ ပန်ကြားလွှာအဖြစ် ထုတ်ပြန်၍ လုပ်ငန်းများ ပူးပေါင်း လုပ်ဆောင်ရန် ရှင်းလင်းသည့် တိုက်တွန်းချက်များ ပြုလုပ်သင့်သည်ဟု အကြံပြုဆွေးနွေးခဲ့သည်။

■ မေစဝ်မုန်း



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)

အမှတ် (၂၅၁)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(၂၈) နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

၁။ ရှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံကြီးအတွင်း အသက်များ၊ ဘဝများ ရင်းနှီးပေးဆပ်ခဲ့ကြသည့် ရဟန်းရှင်လူ ကျောင်းသား ပြည်သူအပေါင်းအား မိမိတို့ပါတီက လေးမြတ်လှိုက်လှဲစွာ ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်။

၂။ လွန်ခဲ့သော (၂၈) နှစ်က ဤရက်တွင် အခြေခံအခွင့်အရေးများ ဆုံးရှုံးနေကြရသည့် မြန်မာပြည်အရပ်ရပ်ရှိ အလုပ်သမားများ၊ လယ်သမားများ၊ ကျောင်းသားများ အပါအဝင် လူမျိုးစုံပြည်သူလူထုကြီးတရပ်လုံးက ညီညွတ်စွာ၊ ပိုင်းဖြတ်မှုရှိစွာ မဆလ တစ်ပါတီအာဏာရှင်စနစ်နှင့် စစ်အုပ်စုကို ပြတ်ပြတ်သားသား အာခံတော်လှန်ခဲ့ကြပါသည်။

၃။ ရှစ်လေးလုံးဒီမိုကရေစီ လူထုအရေးတော်ပုံကြီး၏ ဦးတည်မျှော်မှန်းချက်များဖြစ်သည့် ဒီမိုကရေစီကို အပြည့်အဝအာမခံပြီး အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံနိုင်သည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးတို့မှာ ယနေ့ (၂၈) နှစ်တင်းတင်းပြည့်သည့်နေ့တိုင်အောင် မရရှိသေးဟု မိမိတို့ပါတီက သုံးသပ်ပါသည်။

၄။ အရေးတော်ပုံကြီး၏ ဦးတည်မျှော်မှန်းချက်များကို အပြည့်အဝ ဖေါ်ဆောင်နိုင်ဖို့ဆိုလျှင်

- အဓိကအတားအဆီးဖြစ်နေသည့် (၂၀၀၈) ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား အရေးတော်ပုံရည်မှန်းချက်များကို အာမခံနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်လာသည်အထိ ပြုပြင်ပြောင်းလဲပစ်ရန်၊
- လူမျိုးစုံ ပြည်သူလူထုတရပ်လုံးကို ကိုယ်စားပြုနိုင်သည့် အင်အားစုအားလုံးပါဝင်၍ တန်းတူရည်တူ တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်သည့် ပြည်ထောင်စုညီလာခံကြီးတရပ် ကျင်းပပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဟု မိမိတို့ပါတီက အခိုင်အမာယုံကြည်ပါသည်။

၅။ အရေးတော်ပုံကြီးက အပ်နှင်းလိုက်သည့် အထက်ဖေါ်ပြပါ အမျိုးသားရေးတာဝန်(၂)ရပ်ကို နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများအပါအဝင် လူမျိုးစုံပြည်သူလူထုကြီး၏ ကိုယ်တိုင်ကြိုးပမ်းအားထုတ်မှုဖြင့်သာ ဖေါ်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။ သို့အတွက် အရေးတော်ပုံစိတ်ဓါတ်ကို ကိုင်စွဲပြီး ဆက်လက်တိုက်ပွဲဝင်သွားကြပါစို့ဟု အရေးတော်ပုံတပ်သားအားလုံးသို့ အလေးအနက် ပန်ကြားတိုက်တွန်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၁၆ ခုနှစ်၊ သြဂုတ်လ၊ ၈ ရက်။

မိုင်ကျာယန် မျက်နှာစုံညီအစည်းအဝေးနှင့်ပတ်သက်၍ ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်၏ အမြင်နှင့် သုံးသပ်ချက်

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကချင်ပြည်နယ်၊ မိုင်ကျာယန်မြို့တွင် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးတရပ်ကို ပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးသို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော် တက်ရောက်ခဲ့ပါသည်။ ဦးအောင်မိုးဇော်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၏ ဖိတ်ခေါ်ချက်အရ ABSDF ကိုယ်စားလှယ်အဖွဲ့တွင် လေ့လာသူတဦးအနေဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ မျက်နှာစုံညီ အစည်းအဝေးနှင့်ပတ်သက်၍ ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်၏ လေ့လာတွေ့ရှိချက်များကို စာစဉ်အယ်ဒီတာအဖွဲ့မှ မေးမြန်းထားပါသည်။

■

မေး။ ။ ပထမဆုံး မျက်နှာစုံညီအစည်းအဝေးကို တက်ရောက်ကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနဲ့ မိတ်ဆက်ပေးပါဦးခင်ဗျ။

ဦးအောင်မိုးဇော်။ ။ အစည်းအဝေးကို ဖိတ်ကြားထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းပေါင်း ၁၈ ဖွဲ့၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (UNA)၊ တိုင်းရင်းသားညီနောင်ပါတီများဖက်ဒရေးရှင်း(NBF)၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) (WLB)နှင့် အခြားလေ့လာသူ လူငယ်အမျိုးသမီးနှင့် အရပ်ဖက်အဖွဲ့အစည်းတွေ တက်ရောက်ခဲ့ကြပါတယ်။ NCA ကို လက်မှတ်ထိုးထားတဲ့ ၈ ဖွဲ့ရော၊ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းတွေရော တက်ရောက်ကြပါ



တယ်။ နိုင်ငံ တကာဧည့်သည်များအနေနဲ့က ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Vijay Nambiar နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အာရှရေးရာ အထူးကိုယ်စားလှယ် Sun Guoxiang တို့ တက်ရောက်ခဲ့ကြပါတယ်။ စုစုပေါင်း ကိုယ်စားလှယ် ၂၁၆ ဦး တက်ရောက်ကြတယ်လို့ သိရပါတယ်။ ထူးခြားတာကတော့ တအာန်း(ပလောင်) TNLA၊ ကိုးကန့် MNDAA နှင့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSA)တို့ ၃ ဖွဲ့က ဒီအစည်းအဝေးကို တက်ရောက်ခြင်း မရှိကြတာ ဖြစ်ပါတယ်။

မေး။ ။ တက်ရောက်လာတဲ့ ခေါင်းဆောင်များရဲ့ ဖွင့်ပွဲမိန့်ခွန်းတွေထဲက ထူးခြားတာတွေ ပြောပြပါဦးခင်ဗျ။

ဦးအောင်မိုးဇော်။ ။ UNFC ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လက ‘၂၁ ရာစု ပင်လုံညီလာခံဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်များအကြား မှာ ထားရှိခဲ့ကြတဲ့ နိုင်ငံရေးပဋိညာဉ်ကို ဆက်လက်သယ်ဆောင်ပြီးတော့ ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့နဲ့ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နိုင်ဖို့အတွက် အဖြေရှာနိုင်မယ့် နိုင်ငံရေးအခင်းအကျင်း ဖြစ်ဖို့လိုကြောင်း’ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ‘တိုင်းရင်းသားများအနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပုံဖော်သွားမယ့် ဘုံသဘောထားများ သဘောတူချမှတ်သွားနိုင်ရန် အလွန်အရေးကြီးကြောင်း’ ပြောကြားခဲ့ပြီး ‘အပစ်ရပ်၊ အပစ်မရပ် အဖွဲ့ဆိုတဲ့ ကန့်သတ်ချက်တွေ မိမိတို့တိုင်းရင်းသားတွေကြားမှာ မရှိသင့်ကြောင်း’၊ ‘အဖွဲ့အစည်းတခုနှင့် တခုအကြား၊ လူမျိုးတခုနှင့် တခုအကြား သံသယနှင့် အမုန်းများပွားစေပြီး ယုံကြည်မှုနှင့် စုစည်းညီညွတ်မှုကို ကျဆင်းစေမယ့် အကြောင်းအရာများကိုလည်း ရှောင်ရှားဖို့လိုကြောင်း’ ပြောကြားခဲ့ပါတယ်။

မျက်နှာစုံညီအစည်းအဝေးကျင်းပရေးကော်မတီဥက္ကဋ္ဌ ခူဦးရယ်က ‘မကြာခင်မှာ ကျင်းပပြုလုပ်ဖွယ်ရှိတဲ့ ၂၁ ရာစု ပင်လုံညီလာခံမှာ ကျနော်တို့ တိုင်းရင်းသားတွေ လိုလားတောင့်တ မြင်လိုကြတဲ့ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်

တည်ဆောက်နိုင်ရေးအတွက် ကျနော်တို့ကြားမှာ တူညီတဲ့ ဘုံသဘောထားတွေ ချမှတ်ထားဖို့ အလွန်ပဲအရေးကြီးကြောင်း' သူ့ရဲ့ အဖွင့်မိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားပါတယ်။

မေး။ ။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အာရှရေးရာ အထူးကိုယ်စားလှယ်တို့ကရော ဘာတွေ အကြံပြုဆွေးနွေးကြလဲဗျ။

ဦးအောင်မိုးဇော်။ ။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အာရှရေးရာ အထူးကိုယ်စားလှယ်တို့က အစည်းအဝေးဖွင့်ပွဲမှာရော၊ အစည်းအဝေး ပိတ်ပွဲမှာပါ နှုတ်ဆက်စကားတွေ ပြောခဲ့ကြပါတယ်။ သူတို့နှစ်ဦးစလုံးရဲ့ စကားတွေက အနှစ်သာရအားဖြင့် တော်တော်ပဲ တူပါတယ်။ အဓိကအားဖြင့်ဆိုရင် ဒီနေ့တိုင်းပြည်မှာ ဖြစ်တည်လျက်ရှိတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အခွင့်အခါကောင်းတွေကို အမိအရ ဆုပ်ကိုင်ကြဖို့ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းတွေကို တိုက်တွန်းတာ ဖြစ်ပါတယ်။

မေး။ ။ အစည်းအဝေးက ၅ ရက်လို့ သိရပါတယ်။ ဒီ ၅ ရက်အတွင်းမှာ ဘယ်လိုအချက်တွေကို ဘုံသဘောထားများအဖြစ် စုစည်းနိုင်ခဲ့ကြပါသလဲ။

ဦးအောင်မိုးဇော်။ ။ အစည်းအဝေး ၅ ရက်လုံးလုံး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ အခြေခံ သဘောထားတွေ၊ မူတွေကို အလေးထားပြီး ဆွေးနွေးကြပါတယ်။ ပြီးတော့ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်နဲ့ လုံခြုံရေးဆိုင်ရာကိစ္စတွေကို ဆွေးနွေးပါတယ်။ ပြီးတော့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုနဲ့ပတ်သက်တဲ့ နိုင်ငံရေးမူဘောင်ဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးကြပါတယ်။

အစည်းအဝေးမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ပတ်သက်တဲ့ အခြေခံမူ(၈) ချက်ကို ဘုံသဘောထားအဖြစ် စုစည်းနိုင်ခဲ့ကြပါတယ်။ နိုင်ငံရေးဆွေးနွေးမှုမူဘောင်နှင့်ပတ်သက်ပြီး ဆွေးနွေးကြရာမှာတော့ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီများဆိုတဲ့ သုံးပွင့်ဆိုင်အခြေခံကို ဘုံသဘောထားအဖြစ် စုစည်းနိုင်ခဲ့ကြပါတယ်။

မေး။ ။ ဒီ ၅ ရက်ကြာ အစည်းအဝေးကြီးနဲ့ပတ်သက်ပြီး ဦးအောင်မိုးဇော်ရဲ့ ခြုံငုံတဲ့ ထင်မြင်သုံးသပ်ချက်ကို ပြောပြပေးစေလိုပါတယ်။

ဦးအောင်မိုးဇော်။ ။ လေ့လာခွင့်ရရှိခဲ့သူတစ်ဦးအနေနှင့် ကျနော့်ရဲ့ ထင်မြင်သုံးသပ်ချက်ကို ပြောပြရမယ်ဆိုရင် ...

၁။ မိုင်ဂျာယန်အစည်းအဝေးကြီးဟာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းတွေအကြား ကာလတခုတည်ရှိခဲ့တဲ့ အပစ်ရပ်၊ အပစ်မရပ်ဆိုတဲ့ အကန့်အသတ် အတားအဆီးတွေကို ကျော်လွှားနိုင်ခဲ့တယ်။

၂။ ၂၁ ရာစု ပင်လုံညီလာခံမှာ တိုင်းရင်းသားတော်လှန်ရေး အင်အားစုအားလုံး အတူတကွ ဆွေးနွေးနိုင်ရန် ဘုံသဘောထားတွေကို စုစည်းနိုင်ခဲ့ကြတယ်။ ဆက်လက်ဆွေးနွေးသွားရန်၊ ဆက်လက်စုစည်းသွားရန် ကျန်ရှိနေသေးတဲ့ အကြောင်းအရာများကိုလည်း အင်အားစုအားလုံး အတူတကွ စုပေါင်းဆွေးနွေးရှာဖွေသွားကြရန် စတဲ့ သဘောတူညီမှုတွေကို ရရှိခဲ့ကြတယ်။





၃။ ဒါ့အပြင် သိတ်မကြာခင်မှာ ကျင်းပပြုလုပ်ဖွယ်ရှိတဲ့ ၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်နိုင်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများအကြားမှာ ဆွေးနွေးပြီးဖြစ်စေ၊ အစိုးရနဲ့ ဆွေးနွေးညှိနှိုင်းပြီးဖြစ်စေ လက်တွေ့ကျတဲ့ နည်းလမ်းတွေ အလျင်အမြန် ရှာဖွေသွားနိုင်လိမ့်မယ်လို့ ယူဆနိုင်ပါတယ်။

၄။ လက်တွေ့ ၂၁ ရာစု ပင်လုံညီလာခံမှာ အင်အားစုအားလုံး စုံစုံညီညီတွေ့ရှိဖို့ မျှော်လင့်နိုင်ပေမယ့် လက်တွေ့တက်ခြင်း၊ မတက်ခြင်းက အစိုးရနဲ့ ဆွေးနွေးမှုအပေါ်မှာ တည်လိမ့်မယ်။ ညီလာခံတက်နိုင်ရေး နည်းလမ်းရှာဖွေရာမှာ အဆင်ပြေ မပြေအပေါ်မှာ မူတည်မှာ ဖြစ်ပါတယ်။

၅။ မိုင်ဂျာယန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ အနေနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ NLD အစိုးရသစ်နဲ့ ပတ်သက်လို့ပဲ ဖြစ်ဖြစ် မျှော်လင့်မှုတစုံတရာ ကြီးမားကြတယ်လို့ သုံးသပ်မိပါတယ်။

ဘရုတပ်စ်အတွက် အမိန့်ကြော်ငြာစာ ၅၂ / ၂၀၁၆

■ စောဝင်း ■

၂၀၁၆၊ ဇူလိုင်လ ၁၂ ရက် အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟို ကော်မတီဖွဲ့စည်းခြင်း (အမိန့်ကြော်ငြာစာ အမှတ်၊ ၅၂ / ၂၀၁၆) ဆိုသည် ထွက်လာသည်။ အလားတူ ဦးသိန်းစိန် သမ္မတ သက်တမ်းအတွင်း ၂၀၁၃၊ မတ်လက (အမိန့်ကြော်ငြာစာ ၃၄ / ၂၀၁၃) ဆိုသည်လည်း ဖတ်ခဲ့ရဖူးသည်။

ဦးဆုံး မေးခွန်းများ အနေဖြင့် အရေးပေါ်ကာလ ဖြစ်ပေါ်နေခြင်း ရှိ–မရှိ၌ အရေးပေါ်ကာလ ဖြစ်ပေါ်နေကြောင်း အာဏာလွှဲအပ်ခံ တရားသူကြီးအဖွဲ့(သို့မဟုတ်) တရားသူကြီးတစ်ဦးက ဆုံးဖြတ်၊ သတ်မှတ်လိုက်ခြင်း ရှိ–မရှိ ဟူသော မေးခွန်းများ စဉ်းစားမိသည်။

အမိန့်ကြော်ငြာ (၃၄ / ၂၀၁၃) ဆူပူအကြမ်းဖက် ဖျက်ဆီးမှု အခြေအနေများကို ထိန်းသိမ်းကိုင်တွယ် ဆောင်ရွက်နိုင်ရန်အတွက်ဟု ဖွဲ့စည်းရသော အကြောင်းရင်းကို ညွှန်းပြသည်။ (၅၂/ ၂၀၁၆)ကလည်း ကြော်ငြာ၏ ထိပ်ဆုံး စာကြောင်းဝယ် အလားတူပင် ညွှန်းဆို ထားသည်။

၂၀၁၃ ခုနှစ်၊ မတ်လ ဆိုပါက မိတ္ထီလာမြို့၌ ဘာသာရေးအဓိကရုဏ်း အသွင်ဆောင်ယူထားသည့် အကြမ်းဖက် ရမ်းကားမှုအချို့ ဖြစ်ပေါ်ခဲ့ချိန် ဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ဆိုပါမူကား အဆိုပါ(သို့မဟုတ်) အလားတူ တစုံတရာသော စိုးရိမ်မကင်းဘွယ် အခြေအနေ ဖြစ်ပေါ်နေခြင်း အလျဉ်းမရှိပါချေ။ အာဏာလွှဲအပ်ခံ တရားသူကြီးအဖွဲ့ (သို့မဟုတ်) တရားသူကြီးတစ်ဦးက အရေးပေါ်ကာလ ဖြစ်ပေါ်နေကြောင်း ဥပဒေနှင့်အညီ တစ်ဆင့်ချင်း ဆောင်ရွက်ခဲ့မှုများပေါ် အခြေခံ၍ ဆုံးဖြတ်၊ သတ်မှတ်ခဲ့ခြင်း ရှိခဲ့–မရှိခဲ့ ဆိုပါလျှင် စောဒကတက်ချင်စရာတို့ ထပ်မံ ရှိပေလိမ့်ဦးမည်။

၂၀၁၃ က ပြည်ထဲရေးဝန်ကြီး ဦးဆောင်လျက် အဖွဲ့ဝင် (၁၀)ဦး ပါဝင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၆ သည် ဒုတိယ သမ္မတ (၂) ဦးဆောင်လျက် အဖွဲ့ဝင် (၂၄)ဦး ပါဝင်သည့် ဖွဲ့စည်းမှု ဖြစ်သည်။ ကြော်ငြာစာတွင် အမှတ်စဉ်(၆) အထိ သာ ရေးထိုးသော်လည်း အမှတ်စဉ် (စ)၏ ဝန်ကြီးချုပ်အားလုံးဟူသော ဖော်ပြချက်သည် (၁၄)ဦး အကျုံးဝင်နေဖြင့် စင်စစ် (၂၄)ဦးအဖွဲ့ ဖြစ်သည်။

ကော်မတီ၏ လုပ်ငန်းတာဝန် ဖော်ပြချက်အဖြစ် ၂၀၁၃ တွင် (၆)မျိုး ပါဝင်ခဲ့ပြီး၊ ၂၀၁၆ တွင် (၁၂)မျိုး ပါဝင်နေသဖြင့် စိမံဆောင်ရွက်ပိုင်ခွင့် (၁)ဆ ပိုမိုသည်။ တူညီသော လုပ်ငန်းတာဝန် (၆)မျိုးမှာ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းတို့ကို အဓိကဦးတည်၍ ရည်ညွှန်းပုံ ရပြီး၊ အမှတ်စဉ် (၈) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်အား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့များ ဖွဲ့စည်း ဆက်စပ် ဆောင်ရွက်ပေးသွားရန်၊ တစ်ချက်ကမူ ပြည်သူ ပရိသတ်အပေါင်း အတွေးအာရုံ၌ စွမ်းအားရှင် လက်ပတ်နီ လူရမ်းကား တသိုက်အား မြင်ယောင် ထင်ယောင် လျက် စိတ်မသက်သာစဖွယ် ဖြစ်စေခဲ့ပေသည်။

၂၀၁၆ ကော်မတီ၏ အပို ဆောင်း လုပ်ငန်းတာဝန် (၆)ရပ်ကား ထိုထက် ပိုမိုအသေးစိတ်နိုင်ရန် ဖော်ပြ ဟန် ရှိသည်။

(ဆ) ဖော်ပြချက်ပါ မီဒီယာကို မီဒီယာနှင့် တန်ပြန်ရန်ဟူသော သဘော ထား ဖော်ပြချက်၊ (ဇ) ဖော်ပြချက်ပါ နိုင်ငံရေး သွေးထိုးလှုံ့ဆော်မှုဟူသော စကားရပ်နှင့် ဆန္ဒပြမှုဟူသော စကား ရပ်များ၊ ဆန္ဒပြလျှင် တန်ပြန် ဆန္ဒပြရန် ဟူသော သဘောထား ဖော်ပြချက်၊ (ဈ)နှင့် (ည) ဖော်ပြချက်များပါ ဆန္ဒပြ ဆူပူ အကြမ်းဖက် ဟူသော ထပ်တူပြုသုံးစွဲသော အသုံးအနှုန်းများ စသည် တို့က ထပ်ဆင့် စိတ်မသက်သာစရာ ဖန်တီးရာရောက်သည်ဟု ဆိုရပေတော့ မည်။

ညာညာတာတာ ထင်မြင်ကြည့် ပါက ယခင် ဦးသိန်းစိန်အစိုးရ လက်ထက် မိတ္ထီလာနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းတို့အတွင်း အချို့သော နေရာများမှ အချို့သောသခ်ိန်းစာတို့အရ အသေးစိတ် ကြိုတင်၊ ပြင်ဆင်ခြင်း လုပ်ရပ်အဖြစ် ယူဆပေးခဲ့သော် ရကောင်းရနိုင်ပါလိမ့်မည်။ မရှေးမနှောင်း ကာလတိုအတွင်း၌လည်း ရန်ကုန်တိုင်း ဝန်ကြီးချုပ်၏ စက်ဘူရောက် အဆိုအမိန့် တရပ်ကို အကြောင်းပြုလျက် အပြန် အလှန် ပေါ်ထွက်ခဲ့သော လတ်လတ် ဆတ်ဆတ် ကြေညာချက်တချို့က ရှိနေခဲ့သည်။ တိုင်းပြည်တွင်း မလိုလားအပ်သော မတည်မငြိမ် ဖန်တီးမှုများကို ကြိုတင်ဟန့်တားရန် အမြော်အမြင်ရှိရှိ ဆောင်ရွက်မှု (လမ်းဘေးစကား ဆိုရလျှင်လည်း ဖိနှိပ် လုပ်သည်)ဟုလည်း ဆိုကောင်း ဆိုနိုင်ပါလိမ့်မည်။

သို့ရာတွင် သေသေချာ မဖုံးမဖိ နိုင် ပေါ်လွင်လာသည်က တာဝန်ရှိ၊ အာဏာရှိသူများ၏ လူထုနှင့် လူထု၏ ဒီမိုကရေစီအခွင့်အရေးများအပေါ်၊ နိုင်ငံသား ပြည်သူတို့အပေါ် ထားရှိသော မှော်မှားသည့် သဘောထားအမြင်၊ အတွေးအခေါ်တို့ဖြစ်သည်။ အရေးပေါ်

ရွှေရောင် မိုင်ဂျာယန်

၅ ရက်တာ(၂၆–၃၀၊ ဂု၊ ၂၀၁၆) မိုင်ဂျာယန် စုံညီအစည်းအဝေး ပြီးဆုံး၊ အောင်မြင်ကြောင်း ကြားသိရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ('၀' အပါအဝင် ၄ ဖွဲ့မှတပါး) စုံစုံညီညီ အားတက်သရော ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဧည့်သည်အဖြစ်ဖိတ်ကြားခံရသော နိုင်ငံရေးပါတီများ၊ အမျိုးသမီးများ အဖွဲ့ချုပ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်တော်၊ တရုပ်အစိုးရ အာရှရေးရာဌာန၏ကိုယ်စားလှယ်တော် စသည်ဖြင့် စုံစုံလင်လင်လာရောက်ကြောင်း ဖြင့်လည်း သတင်းများတွင်ဖော်ရသည်။ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် အပါအဝင် မတက်ရောက်ဖြစ်သောအဖွဲ့ ၄ ဖွဲ့ အနေဖြင့်လည်း စုံညီအစည်းအဝေး နှင့်၊ ၂၁ ရာစုပင်လုံဟု ခေါ်ဝေါ်နေကြသော ငြိမ်းချမ်းရေးညီလာခံအပေါ် အပြုသဘောဆောင် သဘောထားရှိနေကြောင်း အတွင်းသတင်းအချို့ကဆိုကြသည်။

ခြုံငုံကြည့်လျှင် မိုင်ဂျာယာန်သည် အမည်နှင့်လိုက်ဖက်သော နိမိတ်ကောင်းကို ဆောင်ယူနိုင်သည် ဆိုရပေမည်။

သတင်းအချို့က အလွန်အမင်း ထက်သန်တက်ကြွနေစရာ ရလဒ်များ အချက်အလက်အားဖြင့် မထွက်ပေါ်ခဲ့သေးဟု ဆိုသည်။ သို့သော် ဆွေးနွေးပွဲများ၌ ထင်ရှားပေါ်လွင်နေသည်က ပါဝင်သူတိုင်းက ငြိမ်းချမ်းရေးညီလာခံကို တက်ရောက်ကြရန်နှင့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုလားမှုများ၊ သဘောထားကောင်းများ ရှိနေခြင်းပင်ဖြစ်သည်။ အမှန်တကယ် အားလုံးပါဝင်လျက် လွတ်လပ် တန်းတူစွာ ဆွေးနွေးအဖြေရှာနိုင်ခွင့်ရှိသည့် ရွှေညီလာခံကြီးကိုလည်း အဘယ်ဖန်ဆင်းရှင်ကမှ ဂါထာစုပ်၍ ဖန်ဆင်းပေးအံ့မထင်ပါ။ ယခုကဲ့သို့ပင် မိမိတို့ကိုယ်တိုင်၏ အားထုတ်မှုများဖြင့် တဆစ်ချင်းချင်း ထုဆစ် ပုံဖော်ကြရလိမ့်မည်ထင်သည်။

'Controlled Liberalization' ဟု လေ့လာသူပညာရှင်တို့ သမုတ်ကြသည့် ကာလတစ်ခုတွင် မိမိတို့တိုင်းပြည်က ဖြတ်သန်းနေသည်။ အခြေခံဥပဒေ ပြင်ဆင်မှု၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေး အဖြေရှာမှု၊ ၎င်းမှတစ်ဆင့် ရွေးကောက်ပွဲ စသည် ပုံမှန်ဟု အများသူငါ ဖြတ်သန်းလေ့ရှိကြသည့် တစ်ဆင့်ချင်း တိုးတက်လာသည့် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မျိုးတော့ မဟုတ်ချေ။ ဤသည်ကလည်း မြန်မာ့နည်းမြန်မာဟန် ဆိုရမည်ထင်ပါ၏။ မိမိတို့က အခြေခံဥပဒေကို ပြင်ရန် အကျောက်အကန်အသံများ ကျယ်လောင်နေဆဲ၊ ပစ်ခတ်မှုတဝက်ဆွေးနွေးပွဲများ၊ ၂၀၁၅ ရွေးကောက်ပွဲက အစိုးရအသစ်တရပ် မွေးဖွားပေးပြီး စသည်ဖြင့် အပြိုင်ဖြစ်စဉ်များ လိမ်ယှက်နေသည့် ဖြတ်သန်းပုံဖြစ်သည်။

ယင်းသည်တို့ကြားမှပင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံဟု သမ္မတဟောင်း ဦးသိန်းစိန် အစပြုခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို စုံညီအစည်းအဝေး နှင့်၊ ၂၁ ရာစုပင်လုံအဖြစ် တသစ်ဆန်းနိုင်ရန် အစိုးရသစ်က ကြိုးပမ်းခဲ့သည်။ ပို့မိုကျယ်ပြန့်သော ကိုယ်စားပြုမှု၊ ပါဝင်မှု ပို့မိုလွတ်လပ် တန်းတူသော မူဘောင် လုပ်နည်း လုပ်ဟန် စသည်ဖြင့် အားလုံးသော အင်အားစုများ နှစ်များချီလျက် မက်ခဲ့ကြသည့် အိပ်မက်များ တကယ်တမ်း ရုပ်လုံးပေါ်စေချင်သည်။ ရုပ်လုံးပေါ်ရန်လည်း အားလုံးအသီးသီး တူတူပြိုင် တွန်းရွှေ့ကြရပေလိမ့်မည်။ မိမိအမြင်ကတော့ မိုင်ဂျာယာန်ဆိုသည်မှာ ဤအတွန်းအရွှေ့၏ ရွှေရောင်ခြေလှမ်းတစ်လှမ်း။

ဤမှာဘက်ခြမ်း ဇာတ်ဆောင်အသီးသီးတို့သည် ငြိမ်းချမ်း၊ ညီညွတ်၊ လွတ်လပ်၊ တန်းတူသော နိုင်ငံတော်သစ်တရပ် ထူထောင်နိုင်ရေးကို အားတက်သရော ပူးပေါင်းဆောင်ရွက်လိုကြောင်း အထင်အရှား ပြခဲ့ကြပြီဖြစ်သည်။ ဟိုမှာဘက်ခြမ်းသည် အသို့နည်း။ ငွေရောင်ပိတ်ကားပေါ်၌ လက်တွေ့များသည် ပြည်သူပရိသတ် အစစ်ဆေးကို ခံကြရပေလိမ့်မည်။

■ ကိုဘာ

ကာလ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း ကြေငြာချက်အစား အစိုးရ ဌာနများအတွင်း ထိရောက်မည့် ညွှန်ကြားချက်များ စီစဉ်နိုင်ခြင်း မရှိပြီလော၊ ကြုံတုန်းကြုံခိုက်ဆိုသလို နိုင်ငံရေး အင်အားစုများ၊ နိုင်ငံရေးလှုပ်ရှားမှုများ၏ ဂုဏ်သိက္ခာကို မှုခိုချိုးမျှစ်ချိုး စော်ကားရာ ရောက်စေမည့် လူထု၏ ဒီမိုကရေစီ အခွင့်အရေးများအား မထီလေးစား ပြက်ရယ်ရာ ရောက်စေမည့် အသုံးအနှုန်းများ ထည့်သွင်းလျက် သရော်မောကား ကြေညာချက်အသွင် ဆောင်မသွားစေရန် မတတ်နိုင်တော့ပြီလော။

ထို့ကြောင့်ပင် ၂၀၁၆ ကြေငြာချက်အပေါ် ကျနော့်စဉ်းစားချက်မှာ တာဝန်ရှိ၊ အာဏာရှိသူများ၏ သဘောထားအမြင်နှင့် အတွေးအခေါ်ဆိုင်ရာ ပြဿနာအဖြစ်သာ စဉ်းစားမိသည်။ သို့သော် အစိုးရတစ်ရပ်ဖြစ်ပြီး၊ အများပြည်သူသိ၊ ကမ္ဘာသိ ကြေညာပြီးပြီဖြစ်ရာ ဝေဖန်ကဲ့ရဲ့မှု ပေါင်းစုံလည်း မလွဲမသွေ ရင်ဆိုင်ရပေတော့မည်။ ပို၍ စိုးရိမ်ဖွယ် အချက်ကား လေးစားနာခံနေရသော ၂၀၀၈ ၏ ကောင်းမှု၊ မိမိဘက်မှ အားနည်းချက်များ စသည် အကြောင်းကြောင်းတို့ကြောင့် ဤ အမိန့်ကြေငြာစာကို လက်တွေ့ကိုင်တွယ် အကောင်အထည်ဖော်ကြမည့် အစိုးရဝန်ထမ်းယန္တရားကြီး တစ်ခုလုံးသည် ပြည်သူတို့ တင်မြှောက်ပေးထားသူများ၏ အာဏာစက်အောက် ပိုင်ပိုင်နိုင်နိုင် ရောက်ရှိမနေခြင်း ဖြစ်သည်။ အဆိုပါ ကိုယ်စားလှယ်တော်ကြီးတို့ ကိုယ့်ဝမ်းအနာ ကိုယ်သိကြပါလိမ့်မည်။ တရားဝင် အမိန့်ကြော်ငြာကြီး တစ်စောင်လုံး ဘရူးတပ်စ်တို့ လူစုလက်ကိုမှ အပ်မိလိုက်ကြပြီဟု ကျနော် ထင်သည်။

■ စောဝင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃) ရက်

၁၉၄၇ ခုနှစ် ပင်လုံစာချုပ်

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့နှင့် စပ်ဖများ အားလုံးတို့အပြင် ရှမ်းပြည်နယ်များ၊ ကချင်တောင်တန်း ဒေသများနှင့် ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များတို့ တက်ရောက်ကြသော ပင်လုံမြို့တွင် ကျင်းပသည့် အစည်းအဝေးကြီးတရပ်တွင် –

ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍ လျင်မြန်စွာရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘောတူညီကြလေသည်။

၁။ တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့(တစည်ဖ)၏ ကြိုးကိုင်အဖွဲ့ကိုယ်စားလှယ်များ၏ ထောက်ခံချက်အရ တောင်တန်းသားများ၏ ကိုယ်စားလှယ်တဦးကို ဘုရင်ခံက ရွေးချယ်၍ နယ်စပ်ဒေသများ ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန်အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ ကောင်စီဝင်တဦးအဖြစ် ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင်ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိ သည့်နည်းတူ နယ်စပ်ဒေသကိစ္စများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာအောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို ပေးအပ်ရမည်။

၃။ အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းနှင့် လူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံနှစ်ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယ အတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီး သက်ဆိုင်သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်စေရန်ဖြစ်သည်။ ၎င်းတို့သည် ထုံးနည်းဥပဒေအရ တွဲဖက်တာဝန်ယူရသည့်မူအတိုင်း ရွက်ဆောင်စေရမည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသများ၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း ဒုတိယ အတိုင်ပင်ခံပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် သက်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့်ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီသည့်အတိုင်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားနေရသော ကိုယ်ပိုင်အုပ် ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစုံတရာလက် လွတ်စေရန် အဆိုပါကောင်စီက ပြုလုပ်ခြင်း မရှိစေရ။ နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင် အုပ်ချုပ် ရေးရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသော မူကို သဘောတူညီကြသည်။

၆။ ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့် ကချင်ပြည်နယ်တခု နယ်နိမိတ်သတ်မှတ်၍ တည်ထောင်ရန် ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန် ဖြစ်သော်လည်း ဤကဲ့သို့ သီးခြားပြည်နယ်တခု ထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက် အထမြောက်ရန်အလို့ငှာ ပထမခြေလှမ်းအနေဖြင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲစာရင်းပါ အပိုင်း(၂) ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်အား ဆွေးနွေးတိုင်ပင်ရမည်။



၇။ နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးများတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်။

၈။ ဤစာချုပ်တွင် သဘောတူကြသည့် အစီအစဉ်မှာ ပဒေသရာဇ် ရှမ်းပြည်နယ် နယ်မြေစုတွင် ယခုအပ်နှင်းထားပြီးသော ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်း မရှိစေရန်။

၉။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်မှာ မြန်မာပြည်အခွန်တော်ငွေများမှ ကချင် တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်းမရှိစေရ၊ မြန်မာပြည်နှင့် ပဒေသရာဇ် ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများအတွက် အလားတူအစီအစဉ်များကို ထားရှိကျင့်သုံးရန် ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက နယ်စပ်ဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။

ရှမ်းကော်မတီ

(ပုံ) ခွန်းပန်စိန်
တောင်ပိုင်းစပ်ဖလုံ။

(ပုံ) စပ်ရွှေသိုက်
ညောင်ရွှေစပ်ဖလုံ။

(ပုံ) စပ်ဟုံဖ
မြောက်ပိုင်းသိန္နီစပ်ဖလုံ။

(ပုံ) စပ်နွံ
လဲချားစပ်ဖလုံ။

(ပုံ) စပ်စံထွန်း
မိုင်းပွန်းစပ်ဖလုံ။

(ပုံ) စပ်ထွန်းအေး
သာမိုင်းခမ်း စပ်ဖလုံ။

(ပုံ) ဦးဖြူ
သထုံ စပ်ဖလုံ၏ကိုယ်စား
လှယ်။

(ပုံ) ခွန်းဖုံး
မြောက်ပိုင်းသိန္နီ

(ပုံ) ဦးတင်ဇ

(ပုံ) ဦးထွန်းမြင့်

(ပုံ) ဦးကြာပု

(ပုံ) ဦးခွန်စော

(ပုံ) စပ်ရစ်ဖ

(ပုံ) ဦးခွန်ထီး

မြန်မာနိုင်ငံတော်အစိုးရ

(ပုံ) အောင်ဆန်း
၁၂- ၂- ၄၇

ကချင်ကော်မတီ

(ပုံ) ဆမားဒူးဝါးဆင်ဝါးနောင်
မြစ်ကြီးနား

(ပုံ) ဇော်ရစ်
မြစ်ကြီးနား

(ပုံ) ဒိန်ရတန်
မြစ်ကြီးနား

(ပုံ) ဇော်လ
ဗန်းမော်

(ပုံ) ဇော်လွန်း
ဗန်းမော်

(ပုံ) လဗန်းဂရောင်း
ဗန်းမော်

ချင်းကော်မတီ

(ပုံ) ဦးလွှာမှုန်း
အေတီအမ်၊ အိုင်တီအက်စ်အမ်၊
ဖလမ်း။

(ပုံ) ဦးသောင်ဇာခပ်
အေတီအမ်၊ တီးတိန်။

(ပုံ) ဦးကွယ်မန်း
အေတီအမ်၊ ဟားခါး။

နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီကိုယ်စားပြုခြင်း အခြေခံမူ အယူအဆ

■ ဇော်ဇော်ထွန်း ■

နိုင်ငံရေးပါတီများ၏ အစကနဦး

နိုင်ငံရေးပါတီများအဖြစ် စတင်ပေါ်ထွန်းချိန်က လူငှင်းတို့ကို လူတစ်ဦးချင်းစီ၏ အကျိုးစီးပွားများအား ဖုံးလွှမ်းသွားမည့် သို့မဟုတ် အများစု၏ အကျိုးစီးပွားများအား ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် မှတ်ယူခဲ့ကြသည်။ ယင်းသို့ မှတ်ယူမှုများအရ နိုင်ငံရေးပါတီများ တည်ရှိမှုသည် ဂျွန်လော့ခ်၏ နိုင်ငံရေးဒဿနတွင် အခြေခံသော လစ်ဘရယ်ဒီမိုကရေစီ အစဉ်အလာနှင့်သော် လည်းကောင်း၊ ရူးဆိုး၏ ဒီမိုကရေစီသဘောတရား အခြေခံများနှင့်သော်လည်းကောင်း ဆန့်ကျင်ကွဲလွဲ နေသည်ဟု ဆိုကြသည်။ အဆိုပါ အနောက်ဥရောပ ရှေးရိုးအစဉ်အလာ လစ်ဘရယ် အတွေးအခေါ်များက ထိုအချိန်ကာလ(၁၉ရာစုအလယ်အထိ တည်ရှိခဲ့ကြသော) နိုင်ငံရေးပါတီများအား စေတနာ့ဝန်ထမ်း ပုဂ္ဂလိက အစည်းအရုံးများ voluntary private associations အဖြစ်သာ သတ်မှတ်ထားခဲ့ကြသောကြောင့် ဖြစ်သည်၊

ဂျာမန်လူမျိုးရေးသိပ္ပံပညာရှင် မက်ခ်စ်ဝက်ဘာ၏ လေ့လာတင်ပြချက်အရ နိုင်ငံရေးပါတီများမှာ ပေါ်ထွန်းစကာလ၌ အထက်တန်းလွှာလူကုံထံများ၏ အစုအဝေးဆိုသည့် ပုံသဏ္ဌာန်ထက် မပိုခဲ့၊ သို့သော် နောက်ပိုင်းတွင် လူထုဒီမိုကရေစီအယူအဆ Mass Democracy ရှေ့တန်းရောက်လာမှုနှင့်အတူ နိုင်ငံတော်နှင့် ပြည်သူတစ်ဦးချင်းစီအကြား တိုက်ရိုက်ဆက်သွယ်ရန် လက်တွေ့အရ မဖြစ်နိုင်သည့်အခြေအနေတွင် နိုင်ငံရေးပါတီများ၏ တည်ရှိမှုမှာ နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူတို့အကြား ကြားခံဆက်စပ်သည့် အဆောက်အအုံများအဖြစ် တရားဝင်မှု ဖြစ်လာခဲ့သည်၊ သို့ဖြစ်ရာ လူထုဒီမိုကရေစီ ပေါ်ထွန်းလာမှုကြောင့် ခိုင်မာအားကောင်းသည့် အမြဲတမ်းအဖွဲ့အစည်းပုံသဏ္ဌာန်အဖြစ် နိုင်ငံရေးပါတီပုံစံသစ် ဖြစ်ပေါ်လာခဲ့သည်ဟု မက်ခ်စ်ဝက်ဘာက တင်ပြခဲ့သည်၊

အင်္ဂလန်နိုင်ငံ၏ နိုင်ငံရေးပါတီများ ဖြစ်ပေါ်တိုးတက်မှုသမိုင်းကို အခြေခံပြီး မက်ခ်စ်ဝက်ဘာက လေ့လာတင်ပြရာတွင် အစကနဦး၌ နိုင်ငံရေးပါတီများမှာ အရစ္စတိုခရေစီ နောက်လိုက်များ သို့မဟုတ် အထက်တန်းလွှာလူကုံထံများ၏ ပါတီများသာဖြစ်ကာ လူတန်းစား အကျိုးစီးပွား သို့မဟုတ် မိသားစုဆွေမျိုး အစဉ်အလာ သို့မဟုတ် အယူဝါဒတစ်ရပ်ရပ်အပေါ် အခြေခံ၍ ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။ သို့သော် မူလအစတွင် နယ်မြေ ဒေသအလိုက် အဖွဲ့ခွဲများဖြင့် စနစ်တကျ စည်းရုံးဖွဲ့စည်းထားသော အမြဲတမ်းအဖွဲ့အစည်းမျိုး မဟုတ်သေးပေ။ ရွေးကောက်ပွဲကာလများတွင် သက်ဝင်လှုပ်ရှားမှုရှိပြီး ပါလီမန်ကိုယ်စားလှယ်များ အဆင့်တွင်သာ ပူးပေါင်းဆောင်ရွက်မှုရှိသည့် အခြေအနေမျိုး ဖြစ်သည်။ ပါလီမန်တွင်းရှိ ပါတီဝင်တစ်ဦးက ပါတီဗဟိုခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ဒေသဆိုင်ရာ ပါတီအဖွဲ့အစည်းများနှင့် ဆက်စပ်ရေးကို လုပ်ဆောင်သည်။

လူထုအခြေခံ ဒီမိုကရေစီအသွင်သို့ ပြောင်းလဲလာခြင်းကြောင့် ဒီမိုကရက်တစ် အသင်းအပင်းများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီး အဖွဲ့အစည်း ယန္တယားများ ဖွံ့ဖြိုးလာမှုကလည်း နိုင်ငံရေးပါတီများ၏ အနှစ်သာရနှင့် အသွင်သဏ္ဌာန်ကို ပြောင်းလဲစေခဲ့သည်။ ယခင်ပုံစံဟောင်းနှင့် သိသိသာသာပင် ကွဲပြားလာခဲ့သည်၊ ပါလီမန်ပြင်ပတွင် ပါတီတာဝန်ကို အချိန်ပြည့်ထမ်းဆောင်သည့် ပါတီခေါင်းဆောင် နိုင်ငံရေးသမားများ ရှိလာသည်၊ ထိုသူတို့က ပါတီအဖွဲ့အစည်း ယန္တယားကို စီမံထိန်းချုပ်နိုင်သည့် လုပ်ပိုင်ခွင့်မျိုး ရရှိလာကြသည်။ ထို့အပြင် ပါတီကိုယ်စားပြု၍ ပါလီမန်အတွင်း ရောက်ရှိနေသော ကိုယ်စားလှယ်များကိုလည်း ကြပ်မတ် ထိန်းချုပ်ကြသည်၊ ၁၉ရာစုနှောင်းပိုင်း အင်္ဂလန်နိုင်ငံအခြေအနေ၊ အထူးသဖြင့် ဘာမင်ဟန်အုပ်စု(Birmingham Caucus) ပေါ်ထွန်းလာသည့် ဖြစ်ရပ်များကို ကြည့်ပါက ဗဟိုချုပ်ကိုင်မှုအသွေးထာမှာ လူအနည်းငယ်၏လက်သို့ ကျရောက်ကာ နောက်ဆုံးတွင် ပါတီ၏ ထိပ်ဆုံးခေါင်းဆောင်ထံသို့ ရောက်ရှိသွားသည်။ ပါတီယန္တယား တစ်ခုလုံးသည်လည်း ပါတီခေါင်းဆောင် ၏ ထူးခွန်ထက်မြက်မှုနှင့် ကိုယ်ရည်ကိုယ်သွေးအပေါ် လုံးလုံးလျားလျား အခြေပြုလာရသည်၊

ဝက်ဘာ၏ လေ့လာသုံးသပ်ချက်အရ ဒီမိုကရေစီစနစ် ရှင်သန်ကြီးခိုင်ရေးအတွက် ခိုင်မာအားကောင်းပြီး တာဝန်ယူမှုရှိသော နိုင်ငံရေးခေါင်းဆောင်မှုမျိုး မဖြစ်မနေလိုအပ်သည်။ ဤအဆိုကို နောက်ပိုင်းတွင် ဂျိုးဇက်ရွှမ်းပီတာကလည်း လက်ခံခဲ့သည်။ အကယ်၍ နိုင်ငံရေးခေါင်းဆောင်မှု ခိုင်မာအားကောင်းခြင်း မရှိလျှင်၊ ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ထိန်းချုပ်နိုင်စွမ်း မရှိလျှင် ဗျူရိုကရေစီက အဖွဲ့အစည်းယန္တယားကို လွှမ်းမိုးထိန်းချုပ်သည့် နိုင်ငံရေးအဆင့် နေရာကို အလွယ်တကူ ဝင်ရောက်သိမ်းပိုက် သွားပေလိမ့်မည်။ ပြည်သူလူထုကို တာဝန်ခံရန် မလိုသည့် အသွေးရာအုပ်စုသဖွယ် အလိုအလျောက် ဖြစ်လာပေ

လိမ့်မည်။ သို့ဖြစ်၍ ဗျူရိုကရေစီ အရာရှိများကို ကြပ်မတ်ကွပ်ကဲရန်အတွက် ပြည်သူလူထုကို တာဝန်ခံမည့် သိက္ခာရှိသော နိုင်ငံရေးခေါင်းဆောင်များ လိုအပ်သည်ဟု ဆိုသည်။ ဝက်ဘာ၏ ဒီမိုကရေစီ သဘောတရား အယူအဆတွင် နိုင်ငံရေးပါတီများမှာ သော့ချက်ကျသော အဆောက်အအုံများ အဖြစ်သာမက ခေတ်သစ် ဒီမိုကရေစီအတွက် မရှိမဖြစ် လိုအပ်သော အခြေခံများအဖြစ် သတ်မှတ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး အီတလီနှင့် အနောက်ဂျာမဏီတို့၌ ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရာတွင် ဝက်ဘာ၏ အယူအဆအပေါ် အခြေခံ၍ နိုင်ငံရေးပါတီများ၏ တရားဝင်တည်ရှိမှုနှင့် လိုအပ်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အတိအလင်းဖော်ပြ သတ်မှတ်လာခဲ့သည်။ နောက်ပိုင်းတွင် ဥရောပသမဂ္ဂ အပါအဝင် နိုင်ငံအတော်များများတွင် လည်း အခြေခံဥပဒေ ပြင်ဆင်ချက်များဖြင့် အလားတူ လုပ်ဆောင်လာခဲ့ကြသည်။ မကြာခင်က ဒီမိုကရေစီအသွင်ပြောင်းခဲ့သော ဥရောပတောင်ပိုင်းနှင့် အရှေ့ဥရောပ နိုင်ငံများ၌ ဒီမိုကရေစီစနစ်တည်ထောင်ရာတွင် အခြေခံအဖြစ် နိုင်ငံရေးပါတီများအကြား လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်သည့် ရေခဲမြေခံများကို ဖန်တီးခြင်းဖြင့် ပံ့ဖော်ကြသည်။ သို့ဖြစ်ရာ နိုင်ငံရေးပါတီများကို ဒီမိုကရေစီနိုင်ငံရေးစနစ်၏ အဓိကအခြေခံအဖြစ် သတ်မှတ်ခြင်းသည် အများလက်ခံလာသည့် ဒီမိုကရေစီ သဘောထားတစ်ရပ်ပင် ဖြစ်သည်။ ထိုကဲ့သို့ အခြေခံဥပဒေအရ အသိအမှတ်ပြုလာခြင်းသည် ဗဟုဝါဒ ရှင်သန်ခြင်း၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် ယှဉ်ပြိုင်ခြင်းတို့ကို နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍများဖြင့် ချိန်ထိုးလာခြင်း ဖြစ်ပေသည်။

ရှေ့လဆက်ပါဦးမည်

■ ဇော်ဇော်ထွန်း

လယ်သမားများ၊ လယ်သမားအရေးဆောင်ရွက်သူများ DPNS ဌာနချုပ်ရုံးသို့ လာရောက်လေ့လာ



မန္တလေးတိုင်းနှင့် ပဲခူးတိုင်းအတွင်းမှ တောင်သူလယ်သမားများနှင့် လယ်သမားအရေး ဆောင်ရွက်သူများသည် ၂၊ ၈၊ ၁၆ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်းရှိ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဌာနချုပ်ရုံးသို့ လာရောက် လေ့လာခဲ့ကြပါသည်။ တွေ့ဆုံပွဲတွင် ပါတီအတွင်းရေးမှူး(၁) ဦးသီဟထွဋ်ခင်က ပါတီသမိုင်းကြောင်းကို လည်းကောင်း၊ မရွှေရည်လင်းထင်က လူဘောင်သစ်လူငယ်(YNS) အကြောင်းကိုလည်းကောင်း မိတ်ဆက်ရှင်းပြခဲ့ပါသည်။ ထို့နောက် လယ်သမားအရေး ဆောင်ရွက်နေသူများက ၎င်းတို့ လက်ရှိဆောင်ရွက်နေသော အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ရာ ပါတီတာဝန်ရှိသူများက ပြန်လည်အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

NNER အလုပ်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER) အလုပ်အဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၄၊ ၈၊ ၁၆ ရက်နေ့ ညနေပိုင်းက ကျင်းပရာ ပါတီမှ ဒေါ်နှင်းနှင်းမွေး တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ယခင်အစည်းအဝေး ကျင်းပပြီးချိန်မှ ယခုအချိန်ထိ ဆောင်ရွက်ထားရှိမှုများအား ပြန်လည်တင်ပြခြင်း၊ CSO Forum တွင် NNER ပါဝင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပါသည်။ NNER လုပ်ငန်းအဖွဲ့နှင့် မကွေးကွန်ရက်တို့၏ အစည်းအဝေးအတွက် အသေးစိတ်အစီအစဉ်များကို ညှိနှိုင်းကြသည်။ ၂၀၁၆ အောက်တိုဘာလတွင် မကွေးမြို့၌ကျင်းပမည့် NNER ပြည်နယ်နှင့် တိုင်း ကွန်ရက်များ၏ ၆ လပတ် အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့်ကိစ္စများ စသည်တို့ကို ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ၂၈ နှစ်ပြည့်အခမ်းအနားကျင်းပ



လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပြည်ခရိုင်မှ ဦးစီးကျင်းပသော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ၂၈ နှစ်ပြည့်အခမ်းအနားကို DPNS ရွှေတောင်မြို့နယ်ရုံး၌ ၈၊ ၈၊ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် လူဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် ရွှေတောင်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ် ရှစ်လေးလုံးခေါင်းဆောင် ဦးဇော်မိုးကျော်၊ DPNS ပြည်ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်စိန်၊ ပြည်ခရိုင် ရှစ်လေးလုံးခေါင်းဆောင်တစ်ဦး ဖြစ်သည့် ဦးချစ်ဆောင်ဦး၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူအဖွဲ့အစည်း(ပြည်)မှ ဦးညီညီ၊ သဲကုန်းမြို့နယ် လယ်သမားသမဂ္ဂမှ ဦးပေါက်စ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့(ရွှေတောင်)မှ ဦးသန်းထွန်း၊ ရွှေတောင်ရှစ်လေးလုံးရဲဘော် ဦးမင်းမော်သိန်းတို့က အမှတ်တရဂုဏ်ပြုစကားများ ပြောကြားခဲ့ကြပါသည်။

ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က အဖွင့်စကား ပြောကြားရာတွင် နိုင်ငံရေးအင်အားစုများ၊ ပြည်သူများက ရှစ်လေးလုံးအရေးတော်ပုံစိတ်ဓာတ်ကို စွဲကိုင်ပြီး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဖို့လိုအပ်ကြောင်း၊ နိုင်ငံရေးအာမခံချက်မရှိဘဲ ငြိမ်းချမ်းရေးမရနိုင်ကြောင်း၊ မြန်မာ့နိုင်ငံရေးပြဿနာများ ဖြေရှင်းနိုင်ဖို့အတွက် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အမြန်ဆုံးပြင်ဆင်နိုင်ရန် အရေးကြီးကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း ၅၂ နှစ်မြောက်နှင့် ဂူဗိမာန် နှစ် ၅၀ မြောက် အခမ်းအနားကျင်းပ



ငြိမ်းချမ်းရေးဗိသုကာ၊ မျိုးချစ်စာဆို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း ၅၂ နှစ်မြောက်နှင့် ဂူဗိမာန် နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ သခင်ကိုယ်တော်မှိုင်းဂူဗိမာန်၌ ၂၁၊ ၇၊ ၁၆ ရက်နေ့မှ ၂၃၊ ၇၊ ၁၆ ရက်နေ့အထိ သုံးရက်တာ ကျင်းပခဲ့ပါသည်။

၂၁၊ ၇၊ ၁၆ ရက်နေ့တွင် ငြိမ်းချမ်းရေးကဗျာရွတ်ဆိုပွဲ ကျင်းပခဲ့ရာ ဆရာဦးအံ့မောင်(မုံရွာ)က အဖွင့်အမှာစကား ပြောကြားပြီးနောက် သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့နှင့် သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်တို့၏ ပြန်ကြားရေးအဖွဲ့ဝင် ဦးထွန်းဝင်းငြိမ်းက ကဗျာရွတ်ဆိုပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

၂၂၊ ၇၊ ၁၆ ရက်နေ့တွင် ငြိမ်းချမ်းရေးစာတမ်းဖတ်ပွဲ ကျင်းပခဲ့ရာ မှိုင်းငြိမ်းကွန်ရက်နာယကအဖွဲ့ဝင် ဆရာဦးအံ့မောင်(မုံရွာ)က အဖွင့်အမှာစကား ပြောကြားပြီး စာတမ်းရှင်များမှ စာတမ်းများ ဖတ်ကြားခဲ့ကြသည်။

၂၃၊ ၇၊ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် လူဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က အမှတ်တရစကား ပြောကြားရာတွင် ဆရာကြီး၏ သူမနာကိုယ်မနာ ငြိမ်းချမ်းရေး အယူအဆသည် ယခုအချိန်ထိ ခေတ်မီမှန်ကန်နေဆဲဖြစ်ကြောင်း၊ ယနေ့အခြေအနေသည် ဒီမိုကရေစီရပြီ ငြိမ်းချမ်းရေးရပြီဟု မပြောနိုင်သေးကြောင်း၊ ငြိမ်းချမ်းရေးကိစ္စသည် တဦးတယောက်ကောင်း တဖွဲ့ကောင်းပုံစံဖြင့် လုပ်ဆောင်၍ မရ ကြောင်း၊ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်ခွင့်ရဖို့ အရေးကြီးကြောင်း၊ တနိုင်ငံလုံးနှင့် သက်ဆိုင်သည့်အတွက် အမျိုးသားအဆင့် ငြိမ်းချမ်းရေးညီလာခံဖြစ်ဖို့ လိုအပ်ကြောင်း၊ မကြာသေးမီက ဖွဲ့စည်းခဲ့သည့် အရေးပေါ်ကာလ စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတို့တွင် များစွာ အနှောက်အယှက် အဟန့်အတားဖြစ်စေသဖြင့် မရှိသင့်ကြောင်းတို့ကို ထည့်သွင်းပြောကြားသွားခဲ့ပါသည်။